

# ဒေါ်အောင်ဆန်းစုကြည်၏
# နိုင်ငံရေးအတွေးအမြင်များ

သန်းဝင်းလှိုင်

# "စကားသစ္စာ"

စကားသစ္စာ

တည်သောအခါဝယ်

ဩဇာလေးနက်

ပေါ်ဆီတက်၍

နွယ်မြက်သစ်ပင်

ဆေးဖက်ဝင်၏ ။

ရှင်မဟာသီလဝံသ

# စာရေးသူ၏ အမှာ

ယနေ့ မြန်မာနိုင်ငံတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး အတွေးအမြင်၊ နိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်မှစ၍ တည်ကြည် ဖြောင့်မတ်မှု ၊ ရိုးသားမှု ၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှု ၊ ဇွဲသတ္တိရှိမှု စသည့် ပြုမူပြောဆို လုပ်ဆောင်နေမှု မှန်သမျှသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် အတုယူ စံပြုစရာများ ဖြစ်နေရပေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အသက် (၁၂) နှစ်သမီးအရွယ် ကျောင်းသူဘဝကပင် သူငယ်ချင်းတစ်ဦး၏ အမှတ်တရ အော်တိုစာအုပ်လေး ထဲတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။ အမှတ်တရ စာသားကလေးမှာ -

မျက်စိမမြင်သော မိန်းကလေးသည် ကြားနိုင်သေး၏ ၊

နားမကြားသော မိန်းကလေးသည် မြင်နိုင်သေး၏ ၊

အဝတ်မပါသော မိန်းကလေးသည် အေးမြမှု ကို ခံစားနိုင်သေး၏ ၊

သို့သော်...ရည်မှန်းချက်မရှိသော မိန်းကလေးမှုကား အရှုံးပမာ သတည်း။

ဒေါ်အောင်ဆန်းစုကြည်
(၁၅၊ ၈၊ ၅၇)

ဤအမှတ်တရ စာတမ်းကလေးမှာ ငယ်စဉ်တောင်ကျေးကလေးဘဝ ကပင် သူ၏ ရည်မှန်းချက်ကြီးမားသော ဘဝကို အလေးအနက်ထားသော ဒဿ နအတွေးအမြင်ကို တွက်ဆနိုင်ပါသည်။ ယခုအခါ အာဏာရှင်စနစ် အစိုးရကို ဖြုတ်ချ၍ စစ်မှန်သော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် လူထုအား ဦးဆောင်၍ နလုံးရည်ဖြင့် ရဲရဲဝံ့ဝံ့သတ္တိရှိရှိ တိုက်ပွဲဝင်သည့် လူထုခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့်လည်း သူ့အား မြန်မာ့ဒီမိုကရေစီ၏ သင်္ကေတ၊ လူထုတစ်ရပ်လုံးအတွက် မျှော်လင့်ချက် အလင်းရောင်အဖြစ် အားလုံးက တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြသူ များ ကို

နားလည်စာနာကြသည့် နိုင်ငံတကာ ဒီမိုကရေစီမြတ်နိုးသူများ ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်နှင့် ခေါင်းဆောင်မှု အရည် အသွေးကို လေးစားတန်ဖိုးထားကြသည့်အတွက် သူ့အား နိုင်ငံတကာမှ ချီးမြှင့်ခဲ့သည့် ရာကျော်နေပြီဖြစ်သော ဆုတံဆိပ်များ ကို ကြည့်ရှုပါက သိသာလှပေသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှု အရည်အသွေးနှင့် အရည်အချင်းများ ကို လေ့လာကြည့်ပါက သူသည် ကိုယ်ကျင့်တရားရိုးဖြောင့်ခြင်း၊ မလျှော့သော ခွဲလုံ့လဝီရိယရှိခြင်း၊ ရည်မှန်းချက်ပန်းတိုင်ကို တိတိကျကျ သတ်မှတ်ထားရှိခြင်း၊ ပြဿ နာကို အကောင်းမြင်ဖက်မှ ချဉ်းကပ်လေ့ရှိခြင်း၊ ဖိနှိပ်ချုပ်ချယ်မှု ၊ ရန်လိုမှု များ နှင့် ကြုံတွေ့ရသောအခါ မတုန်လှုပ်ခြင်း၊ သဘောထားပြည့်ဝခြင်း၊ နိုင်ငံရေးအမြင်ကျယ်ခြင်း၊ ယုံကြည်ချက် ခံယူချက် ခိုင်မာခြင်း၊ စိန်ခေါ်မှု များ နှင့် ကြုံတွေ့သောအခါ လိုလိုလားလားလက်ခံ ရင်ဆိုင်နိုင်စွမ်းရှိခြင်း၊ အချိန်နှင့်စည်းကမ်းကို လေးစားတန်ဖိုးထားခြင်း၊ ကတိသစ္စာကို လေးစားတန်ဖိုးထားခြင်း၊ လိမ်လည်လှည့်ဖျား ကောက်ကျစ်မှု မရှိခြင်း၊ မမှန်လျှင် မတရားလျှင် လက်ခံလေ့မရှိခြင်း စသည့် ခေါင်းဆောင်မှု အင်္ဂါရပ်များ နှင့် ပြည့်ဝနေသည်ကို တွေ့မြင်ရပေမည်။

ထို့အပြင် ဒေါ်ဆောင်ဆန်းစုကြည်၏ နိုင်ငံရေးအတွေးအမြင်များ ကို လေ့လာကြည့်ရှုပါက 'ကြောက်ရွံ့မှု ' လုံးဝ မရှိခြင်းပင်ဖြစ်သည်။ အာဏာ ရှင်တိုင်းသည် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်နေခြင်းမှာ မှား ယွင်းခဲ့ သော ဖောက်ပြန်မှု များ ကြောင့် ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုခဲ့သည်။ အကြောက်တရားသည် မကောင်းမှု ကို သံသရာလည်စေသည့် အရင်းခံ အကြောင်းတရားဖြစ်သောကြောင့် လူထုကို ကြောက်ရွံ့မှု ကင်းမဲ့ စေရန် အမြဲတစေ တိုက်တွန်းနှိုးဆော်လျှက်ရှိသည်။ သူကိုယ်တိုင်လည်း အကြောက်တရားကင်းမဲ့ကြောင်း စစ်အာဏာရှင်တို့၏ တုတ်၊ ဓား၊ သေနတ်၊ လက်နက်များ ကို ဣန္ဒြေမပျက် ရဲဝံ့စွာ ရင်ဆိုင်ပြခဲ့ဖူးသည်။ အားကျအတု ယူဖွယ် သူ၏ သစ္စာ၊သမာဓိ၊ပညာ၊ သတ္တိတို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် အား အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီ၊ အမေရိကန်လူ့အခွင့်အရေး ခေါင်းဆောင် မာတင်လူသာကင်း(ဂျူနီယာ)၊

တောင်အာဖရိကသမ္မတ နယ်ဆင်မန်ဒဲလား၊ အမျိုးသားခေါင်းဆောင်ကြီး မိုလ်ချုပ်အောင်ဆန်းတို့ကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင်၊ လူထုခေါင်းဆောင်အဖြစ် အားလုံးက သဘောတူညီလက်ခံခဲ့ကြသည်။

ဒီမိုကရေစီ အရေခြုံအာဏာရှင်နှင့် ကမ္ဘာ့အာဏာရှင်ခေါင်းဆောင် အချို့က စီးပွားရေးသည် ပထမ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ဒုတိယဟူ၍ ကြွေးကြော်နေကြသောလည်း ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ပထမ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး သည် ဒုတိယ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် တတိယဟူ၍ သူ၏ နိုင်ငံရေးအမြင်ကို ရှင်းလင်းပြတ်သားစွာ ပြောဆိုလုပ်ဆောင်ခဲ့သည်။

လူ့လောကတွင် သတ္တိကို အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်၏ ။ ကာယသတ္တိနှင့် စိတ္တသတ္တိတို့ဖြစ်သည်။ ကာယသတ္တိမှာ မိမိခန္ဓာကိုယ် နာကျင်သွားမည် ထိခိုက်သွားမည် အသက်သေဆုံးသွားမည်ကို မကြောက်ရွံ့ ဘဲ ရင်ဆိုင်ရဲသောသတ္တိဖြစ်ပေသည်။ စိတ္တသတ္တိမှာ မိမိ၏ အကျိုးစီးပွားကို မည်မျှထိခိုက်သည်ဖြစ်စေ အမှန်တရားကို လုပ်ရဲသော မှန်သည့်ဘက်၌ အမြဲရပ်တည်ရဲသော သတ္တိပင်ဖြစ်သည်။

ထို့ကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်က 'သတ္တိဆိုတာ မကြောက်တတ်တာဟာ တကယ့်သတ္တိမဟုတ်ဘူး။ ကြောက်လျက်နဲ့ ကိုယ်လုပ်သင့် လုပ်ထိုက်တာကို လုပ်ရဲတာဟာ တကယ့်သတ္တိပဲ။ အဲဒီ တော့ ဒူးတုန်တုန်နဲ့ လုပ်တဲ့သူဟာ တော်တော်သတ္တိရှိတယ်လို့ ခေါ်ရမှာ ပဲ' ဟူ၍ ဆိုခဲ့ဖူးသည်။

ယနေ့မြန်မာပြည်သူတို့ လိုလားတောင့်တနေသော အရာသည် ဒီမို ကရေစီနှင့် လူ့အခွင့်အရေးပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီရေးအတွက် ရန်းကန်တိုက်ပွဲဝင်ကြသည်။ ဒီမိုကရေစီတိုက်ပွဲသည် နှလုံးရည်တိုက်ပွဲ ဖြစ်သောကြောင့် သစ္စာရှိရှိ၊ ဉာဏ်အမြော်အမြင်ရှိရှိ၊ ရဲရဲဝံ့ဝံ့ သတ္တိရှိစွာ ဖြင့် ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း ကိုယ်ကျိုးစွန့်အနစ်နာခံကာ ကြိုး စား ဆောင်ရွက်ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို မလိုလားသော အာဏာရှင် အချို့က ယနေ့မြန်မာနိုင်ငံတော်တွင်

ဒေါ်အောင်ဆန်းစုကြည်ကို မည်သူမျှစိတ်မဝင်စားတော့ချေ။ သူ့ကို အကျယ်ချုပ်ဖြင့် နှစ်ရှည်၊ လများ ထိန်းသိမ်း ထားလိုက်သည့်အတွက် လူထုနှင့် ဝေးသွားပြီ၊ ကင်းကွာသွားပြီဟု ဝါဒဖြန့်ခဲ့ကြသည်။ သို့သော် သူ လွတ်မြောက်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ (၁၃)ရက်ညနေခင်းက ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ရှေ့သို့ အပြေးအလွှား သွားရောက်ကြိုဆိုခဲ့ကြသော ထောင်ပေါင်းများ စွာ သော လူထုပရိသတ်ကို ကြည့်ခြင်းဖြင့် ပြည်သူတို့သည် ဒေါ်အောင်ဆန်းစုကြည်အား မိမိတို့ ဦးနှောက်မှ မေ့ပျောက်သွားသည့်တိုင် နှလုံးသားထဲမှ အစဉ်ထာဝရ ရှိနေကြောင်း သိသာလှပေသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၌ ပါတီစုံအထွေထွေရွေး ကောက်ပွဲနှင့် ၂၀၁၄ နှစ်ကုန်ပိုင်း၌ ကျန်ရှိလစ်လပ်နေသော မဲဆန္ဒနယ်များ အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် နီးကပ်လာပြီဖြစ်သည်။ ရွေး ကောက်ပွဲ၌ လူထုတစ်ရပ်လုံး မျှော်လင့်တောင်းတနေသော လွှတ်တော် ကိုယ်စားလှယ်များ အများစုအနိုင်ရရှိရေးနှင့် ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်ရေးပင်ဖြစ်သည်။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်ရေး အတွက် ဟန့်တားပိတ်ဆို့ထားပါက မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ်ထက်ကြီးမား သော လူထုအုံကြွမှု ကြီး မလွဲမသွေ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဒီမိုကရေစီ အသွင်းကူးပြောင်းရေးအတွက် ဒေါ်အောင်ဆန်း စုကြည် သမ္မတဖြစ်ရေး အရေးကြီးဆုံးဖြစ်ကြောင်း လက်ရှိအစိုးရ နားလည် သဘောပေါက်ရန် လိုပေသည်။

ယနေ့အချိန်သည် မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် လွန်စွာ အရေးကြီးသော 'ဆုံမှတ်' သို့ ရောက်ရှိနေသည်။ ယင်းကြောင့် ဒီမိုကရေစီ အရေးနှင့် စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်နိုင်ရန် အတွက် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှု အခန်းကဏ္ဍသည် လွန်စွာ အရေးပါပြီဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီး (၄၁) နှစ်အကြာတွင် ပေါ်ထွန်းလာခဲ့သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မီးဒုတ်ကို ဖောက်ထိုးထားမရသလို မြန်မာ့နိုင်ငံ ရေးဖြစ်စဉ်ထဲမှ မည်သူမျှ ဖယ်ထုတ်ထား၍

ရမည်မဟုတ်ပေ။ ဖယ်ထုတ် လိုက်ပါက မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံကြီးသည်လည်း ရေစုံမျော၍ ပျက်သုဉ်းသွားမည်သာဖြစ်သည်။

မည်သို့ဆိုစေ...လက်ရှိဖြစ်ပေါ်နေသည့် မြန်မာ့နိုင်ငံရေးပြဿ နာများ ကို စေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန် ချက်အတိုင်း ဒီမိုကရေစီစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ညီညီ ညွတ်ညွတ် လုပ်ဆောင်ကြရမည်မှာ လူတိုင်း၏ တာဝန်ဖြစ်ပေသည်။ ဤ စာအုပ်သည် အနယ်နယ်အရပ်ရပ်၌ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့ သော မိန့်ခွန်းများ၊ နိုင်ငံရေးအခမ်းအနားများ၊ အခါအခွင့်သင့်တိုင်း ပြောဆို ခဲ့သော မိန့်မှာ ချက်တို့ကို စုစည်း၍ 'ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး အတွေးအမြင်များ ' အမည်ဖြင့် ရေးသားထုတ်ဝေထားခြင်းဖြစ်သည်။ ဒေါ် အောင်ဆန်းစုကြည်၏ နိုင်ငံရေးအတွေးအမြင်များ သည် ဒီမိုကရေစီအရေး တော်ပုံကြီး၌ ပါဝင်ဆောင်ရွက်နေသူတိုင်းကို တစုံတစ်ရာ အထောက်အကူ ပြု၍ အကျိုးများ မည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

ဗုဒ္ဓမြတ်စွာ ဘုရားသခင်က 'ဓမ္မောဟဝေရက္ခိတဓမ္မစာရီ' တရား ကျင့်သောသူကို တရားသည် စောင့်ရှောက်၏ ။ 'ဓမ္မာတာမော၊ ဘဝံဟောတိ၊ ဓမ္မဒေဿ ပရာဘဝေါ' တရားလိုချင်သောသူသည် စည်းစိမ်ချမ်းသာဖြစ်ထွန်း ၏ ။ တရားကို မုန်းသောသူသည် စည်းစိမ်ချမ်းသာပျက်စီး၏ ။ 'ဓမ္မောဟဝေ၊ ဟတောဟန္တိ' အကြင်သူသည် တရားကိုသတ်၏ ။ ထိုသူကို သေကြေပျက်စီး သောတရားသည် သတ်တတ်၏ ဟု ဟောကြားတော်မူခဲ့သည်ဟူ၍ ယော မင်းကြီး ဦးဖိုးလှိုင်၏ 'ရာဇဓမ္မသင်္ဂဟကျမ်း၌ ပါရှိသည်ဖြစ်ရာ ကိုယ်ပြုသော ကံ ပဲ့ထင်သံ မိမိထံ ပြန်လာမည်ဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး အတွေးအမြင်များ၊ လမ်းညွှန်ချက်များ အတိုင်း ကြိုး စားဆောင်ရွက် ပါက လူထုတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီပန်းတိုင်သည် အချိန်တိုအတွင်း ရောက်ရှိအောင်ပွဲခံနိုင်မည်မှာ မလွဲဧကန်ပင်တည်း။

သန်းဝင်းလှိုင်

၂၈၊ မတ်လ၊ ၂၀၁၄

# ပထမဆုံးနိုင်ငံရေးခရီးစဉ်

၁၉၈၈ ခု မတ်လ ၃၁ ရက် ညဘက်တွင် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ် မြို့ ၌ မိသားစုဖြင့် အေးချမ်းစွာ နေထိုင်နေသော ဒေါ်အောင်ဆန်းစုကြည်ထံသို့ မြန်မာနိုင်ငံမှ မိခင်ကြီး ဒေါ်ခင်ကြည် ရုတ်တရက် လေဖြတ်ဝေဒနာ ဖြစ်ပွားခဲ့သည့် သတင်းဆိုးတစ်ခု ဝင်ရောက်လာခဲ့သည်။ ထိုအချိန်မှစ၍ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ရပေတော့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင် ရုတ်တရက်ဖြစ်ပွားခဲ့ သော မိခင်ကြီး ကျန်းမာရေးအခြေအနေကြောင့် မိခင်အား အနီးကပ်ပြုစု စောင့်ရှောက်ရန် ရရာလေယာဉ်ခရီးစဉ်ဖြင့် ရန်ကုန်မြို့ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ချိန်နှင့် တိုက်တိုက် ဆိုင်ဆိုင် ၁၉၈၈ ခုနှစ် မတ်လ ၁၃ ရက်နေ့၌ ရန်ကုန် ကြို့ ကုန်းရပ်ကွက်တွင် ကျောင်းသားများ နှင့် ရပ်ကွက်နေလူငယ်တို့ လက်ဘက်ရည်ဆိုင်တွင် အခင်း ဖြစ်ပွားရာမှ အစပြု၍ သက်ဆိုင်ရာအာဏာပိုင်များ ၏ အကြမ်းဖက်ဖြိုခွင်းမှု ကြောင့် ကျောင်းသား မောင်ဖုန်းမော် (၂၃) နှစ်နှင့် မောင်စိုးနိုင်တို့ သေဆုံး သွားခဲ့ရပြီး ကျောင်းသားအများ အပြား ဒဏ်ရာရခဲ့သည်။ ထိုအချိန်မှစ၍ ကျောင်းသားအရေးအခင်း ပေါ်ပေါက်လာခဲ့ရသည်။ ကျောင်းသားအရေးအခင်းသည် တစ်စတစ်စ ကြီးထွားလာကာ တစ်ပြည်လုံးသို့ ကူးစက်ပျံ့နှံ့၍ လူထုတစ်ရပ်လုံး အုံကြွခဲ့သည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ထွန်းလာခဲ့တော့သည်။

ဤကဲ့သို့ လူထုအုံကြွမှု ကြီး အရှိန်အဟုန်မြင့်မားနေချိန်၌ ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီးအား တစ်ဖက်ကပြုစုရင်း တစ်ဖက်က ပြည်သူလူထုအား လက်နက်အားကိုးဖြင့် အကြမ်းဖက်နှိပ်ကွပ်နေသော မဆလတစ်ပါတီအာဏာရှင် စစ်အစိုးရထံသို့ ဩဂုတ်လ (၁၅) ရက်နေ့၌ ပြည်သူ့အတိုင်ပင်ခံ ညီလာခံ ကျင်းပ၍ ပြဿနာများ ညှိနှိုင်းဖြေရှင်းရေး စာတမ်းတစ်စောင်ကို ပေးပို့ခဲ့သည်။ ထိုအချိန်မှစ၍ သူ၏

နိုင်ငံရေးခရီးကို စတင်ခဲ့လေသည်။ ထိုနောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ကာလအတွင်း ၁၉၈၈ ဩဂုတ် ၂၆ တွင် ဒေါ်အောင်ဆန်းစုကြည်သည် ရွှေတိဂုံစေတီတော်အနောက်ဘက် စောင်းတန်းဝင်ပေါက်နေရာ၌ ပထမဦးဆုံး လူထုအစည်းအဝေးတစ်ရပ်ကျင်းပ၍ မိန့်ခွန်းပြောကြားခဲ့သည်။ လူထုအစည်း အဝေး၌ ဒေါ်အောင်ဆန်းစုကြည်က-



လူထုအစည်းအဝေးတစ်ခု၌ ဒေါ်အောင်ဆန်းစုကြည် မိန့် ခွန်းပြောကြားနေစဉ်



အမေစုအား ထောက်ခံသူများ

'ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအပေါင်းတို့၊ ယခု လူထုအစည်းအဝေးကြီး ဟာ ပြည်သူလူထုရဲ့ ဆန္ဒကို တစ်ကမ္ဘာလုံးက သိရှိစေရန် ထုတ်ဖော်ပြလိုက် တာပါပဲ။ အဲ့ဒီတော့ လူထုအစည်းအဝေးပွဲကြီးမှာ ပြည်သူလူထုဟာ စည်းကမ်းရှိရှိနဲ့ ညီညီညွတ်ညွတ်ဆက်ပြီး လုပ်သွားကြပါစေဟု ပြောပါရစေ။ အခုအစည်းအဝေးပွဲကြီး တစ်နာရီနီးပါး နောက်ကျတာကိုလည်း ကျမ တောင်းပန်ပါတယ်။ ဒီကိုလာတဲ့အခါမှာ လမ်း အင်မတန် ပိတ်ဆို့နေတာကြောင့်မို့ မရောက်လာနိုင်ခြင်း ဖြစ်ပါတယ်။

ဒီကနေ့ကျင်းပတဲ့ အစည်းအဝေးပွဲကြီးကတော့ ပြည်သူလူထုတစ်ရပ် လုံးဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ရချင်နေတဲ့ဆန္ဒ ပြင်းပြနေတာကြောင့်မို့ ကျင်းပရတဲ့ အစည်းအဝေးပွဲကြီးဖြစ်ပါတယ်။ အခု အစည်းအဝေးပွဲကြီးဖြစ် နိုင်တဲ့ အခြေအနေကို

ဘယ်သူတွေကစပြီး ဦးဆောင်ခဲ့တာလဲဆိုတော့ မြန်မာ ပြည်က ကျောင်းသား၊ ကျောင်းသူအပေါင်းတို့ပဲဖြစ်ပါတယ်။ ဒီကျောင်းသူ ကျောင်းသားအပေါင်းရဲ့ ဦးဆောင်မှု ကြောင့်သာ ဒီကျောင်းသားတွေဟာ အသက်အသေခံပြီး ဦးဆောင်မှု ပေးခဲ့တာကြောင့်မို့ ကျမတို့ ဒီလိုအစည်း အဝေးပွဲကြီး လုပ်နိုင်တဲ့အခြေအနေကို ရောက်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အသက်ပျောက်သွားတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးကို တစ်မိနစ်ခန့် ဂုဏ်ပြုပြီးနောက် အမှုဝေတဲ့အနေနဲ့ အားလုံး တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ် သက်သက် တစ်မိနစ်ခန့် ငြိမ်စေချင်ပါတယ်။

အခုဆိုလို့ရှိရင် အားလုံး ဒီမှာ ရောက်နေကြတဲ့ လူထုပရိသတ်ကြီးဟာ ဒီမိုကရေစီစနစ်ကို မျှော်မှန်းပြီးတော့ ဒီမှာ ရောက်နေတယ်လို့ ထင်ပါတယ်။ အဲဒီ တော့ ဒီမိုကရေစီပန်းတိုင်ကို ရောက်ဖို့ရာမှာ လူထုအားလုံးက စည်းစည်း လုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိနဲ့ ချီတက်ရမှာ ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျမရဲ့ အခန်းကဏ္ဍကိုလည်း နည်းနည်းရှင်းပြပါရစေ။ ဘာဖြစ် လို့လဲဆိုတော့ လူအပေါင်းက ကျမအကြောင်းကို သိပ်ပြီးတော့ မသိကြ သေးပါဘူး။ မသိကြတဲ့အခါကျတော့ သိချင်တဲ့ဆန္ဒတွေလည်း ရှိနေမှာ ပဲ။ ဒါက မှန်တဲ့အတိုင်းပါပဲ။ သိတော့လည်း သိထိုက်ပါတယ်။ အဲ့ဒီတော့ အချို့ကလည်း ပြောကြတယ်။ ကျမဟာ နိုင်ငံခြားမှာ နေတယ်။ နိုင်ငံခြား သားနဲ့ အိမ်ထောင်ကျနေတယ်။ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာသိသလဲလို့ လဲ ပြောကြပါတယ်။ ပထမ ကျမ နိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ဒါလေးတွက်ကြောင့်နဲ့ ကျမ တိုင်းပြည်အပေါ်မှာ ထားတဲ့ မေတ္တာ ဟာ ဘယ်လိုနည်းနဲ့မှ ကျဆင်းမသွားနိုင်ပါဘူး။ နောက်တစ်ခုပြောချင်တာ ကတော့ ကျမဟာ မြန်မာပြည်နိုင်ငံရေးအကြောင်း ဘာမှနားမလည်ဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပဲ။ ဗမာပြည်နိုင်ငံရေး ဘယ် လောက်ရှုပ်ထွေးတယ်။ ဒီရှုပ်ထွေးမှု ဒဏ်ကို ဖေဖေ ဘယ်လောက်ခံခဲ့ရတယ် ဆိုတာ ကျမတို့မိသားစု အသိဆုံးပါပဲ။ ဖေဖေဟာ စိတ်ပန်းကိုယ်ပန်းနှင့် ဒီနိုင်ငံရေးကို လုပ်ဆောင်လာတာဟာ ဘာအကျိုးကျေးဇူး စည်းစိမ်မှ မခံစားခဲ့ရပါဘူး။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးရပြီးတဲ့အခါကျရင် ထပ်ပြီးတော့ အာဏာလုတဲ့

နိုင်ငံရေးမျိုးကို ဆက်မလုပ်တော့ဘူးဆိုတာကို ဖေဖေကိုယ် တိုင် အတိအလင်း ပြောသွားခဲ့ဘူးပါတယ်။

ဒီလိုပြောသွားတာကြောင့်မို့လို့လည်း ကျမလည်း နိုင်ငံရေးလောက နှင့် ဝေးဝေး ကင်းကင်းရှင်းရှင်း နေချင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီလို ဝေးဝေး ကင်းကင်းနေချင်လျက်နဲ့ ဘာဖြစ်လို့ အခုမှ ဒီလိုအရေးအခင်းမှာ ပါဝင် နေရသလဲလို့ မေးစရာရှိပါတယ်။ အဲ့ဒီဟာကတော့ ဒီအရေးအခင်းဟာ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ်နေလို့ပါ။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယ လွတ်လပ်ရေးတိုက်ပွဲကြီးလို့ ခေါ်ရင်လည်းဖြစ်ပါတယ်။ ဒီမိုကရေစီလွတ်လပ်ရေးကို တစ်မျိုးသားလုံး လိုချင်တဲ့ဆန္ဒ ပြင်းပြ လွန်းလို့ ဖြစ်ပေါ်လာခဲ့တဲ့ တိုက်ပွဲကြီးဖြစ်ပါတယ်။



ဒီမိုကရေစီနဲ့ပတ်သက်ရင် ဖေဖေပြောခဲ့တဲ့ အချက်လေးတစ်ခုကို ကျမ

ဖတ်ပြချင်ပါတယ်။ ဒီအချက်ကတော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီ ဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲ့ဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ မြန်မာနိုင်ငံ ထူထောင်နိုင်အောင်ကြိုး စားရမယ်။ ဒါမျိုးမလုပ်နိုင်ရင်ကျွန်တော်တို့ မြန်မာပြည်ကလူတွေလည်း နစ်နာမယ်။ ကျွန်တော်တို့ တိုင်းပြည်ကိုလည်း ကမ္ဘာက ကြည့်မရတဲ့တစ်နေ့ ဂျပန်နဲ့ ဂျာမနီလို ဝိုင်းပြီး အနိမ့်ခံရမယ်ဆိုတာကို သတိရကြပါ။ ဒီမိုကရေစီဝါဒကသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲ့ဒါဟာ ဖေဖေ ပြောခဲ့တဲ့စကားတွေပါ။

ဒါကြောင့်မို့လို့ ကျမတို့ဟာ ဖေဖေ အစဉ်အလာအတိုင်း ဒီမိုကရေစီ လွတ်လပ်ရေးတိုက်ပွဲကို ဝင်လို့နွှဲခဲ့ရပါတယ်။ အဲ့ဒီတော့ ဒီမိုကရေစီရဖို့ရာ ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ မညီညွတ်ရင် ဘာမှ မတတ်နိုင်ဘူး။

ပြည်သူလူထုဟာ ညီညီညွတ်ညွတ် မရှိနိုင်လို့ရှိရင် ဘယ်ဝါဒပဲ ဖြစ်ဖြစ် တိုင်းပြည်ကို အကျိုးမပေးနိုင်ပါဘူး။ အဲ့ဒီဟာကို အားလုံး စွဲမှတ် ထားဖို့လိုပါတယ်။ စည်းကမ်း မရှိလို့ရှိရင်လည်း ဘယ်ဝါဒမှ မအောင်နိုင်ပါ ဘူး။ အဲ့ဒီတော့ ကျမတို့ နိုင်ငံသူ နိုင်ငံသားတွေဟာ ညီညွတ်ဖို့ စည်းကမ်း ရှိဖို့ အမြဲလိုပါတယ်'ဟူ၍ ပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို လေ့လာကြည့်ရှုပါက တိုတို ရှင်းရှင်းနဲ့ လိုရင်းကို ပြောကြားသွားသည်ကို တွေ့ရပါသည်။ သူသည် နိုင်ငံခြား၌ အနေများ ပြီး နိုင်ငံခြားသားနှင့် အိမ်ထောင်ကျသော်လည်း မြန်မာ့ နိုင်ငံရေးမှာ ပါဝင်တာဝန်ယူဖို့ အခြေအနေပေးလာလျှင် သူ့ဖခင် ဗိုလ်ချုပ် အောင်ဆန်း၏ သမီးပီပီ လုပ်ရှားဆောင်ရွက်သွားရန် အသင့်ရှိနေပုံကို အသိ ပေး ကြေညာသွားခြင်းလည်း ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး ပထမခြေလှမ်းအဖြစ် လူထု မိန့်ခွန်းဟောပြောပြီးနောက် အမေရိကန်တက္ကသိုလ်ပါမောက္ခ ဂျိုးဇက်ဆီလ် ဗာစတိုင်းကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှု အရည်အသွေး

နှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

''ကျွန်တော့် အနေနဲ့တော့သူ့ကို နိုင်ငံရေးထဲပါဝင်ဖို့ ကံဇာတာပါလာ တဲ့ အမျိုးသမီးလို့ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်'ဗျာသာဉ္စေ သီ နျူအင ဉ္စပ '(အမျိုးသမီးတစ်ဦး၏ ဘဝကံကြမ္မာ) ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါး တစ်ပုဒ် ရေးခဲ့စဉ်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် တွေးထားခဲ့တာဖြစ်ပါ တယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဘဝအလှည့်အပြောင်းနဲ့ သူ့ရဲ့ ဦးတည်ချက်ဟာ မြန်မာပြည်သူတွေကို စစ်အစိုးရလက်အောက်ကနေ လွတ်မြောက်ရေး၊ ဒီမိုကရေစီ ပျိုးထောင်ထိန်းသိမ်းရေး ဖြစ်လာတဲ့အခါမှာ စစ် အစိုးရရဲ့ ပစ်မှတ်ဖြစ်လာတာကို တွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့လည်း ပြည်သူတွေကို လက်ရှိအခြေအနေတွေကနေ ဒီမိုကရေစီ လွတ်လပ်ခွင့်ရရှိဖို့ လက်တွဲ ခေါ်ဆောင်သွားနိုင်တဲ့ ခေါင်းဆောင်မျိုးလည်း မြန်မာနိုင်ငံမှာ မပေါ် ထွန်းသေးဘူးလို့ ကျွန်တော် ယုံကြည်ထားတာဖြစ်ပါတယ်။''

ဤသို့ဆိုလျှင် ဖခင်ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးစဉ်က နှစ်နှစ်သမီး အရွယ်သာရှိသေးတဲ့ သူဟာ ဖခင်ကြီးရဲ့ မပြီးပြတ်သေးတဲ့ လူသားတို့ ရသင့်ရထိုက်သော ရပိုင်ခွင့်များ နှင့် ဂုဏ်သိက္ခာရှိရှိ အသက်ရှင်နေထိုင်နိုင်ရေး စသည့် လုပ်ငန်းရပ်များ အပေါ် သူသည် ငယ်စဉ်ကတည်းကပင် မသိစိတ်ဖြင့် စိတ်ဝင်စားမှု ပြသခဲ့နေသလား။ ဤမေးခွန်း၏ အဖြေကို ဗိုလ်ချုပ်အောင်ဆန်း နှင့်အတူ ကျဆုံးခဲ့သော ဗိုလ်ချုပ်၏ အစ်ကို အာဇာနည် ဦးဘဝင်း၏ သား ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ စိန်ဝင်းက-



'ငယ်ငယ်တုန်းကတော့ စုစုလည်း ကျွန်တော်တို့လို ကလေးပါပဲ။ ဒါပေမဲ့လို့

နောက်ပိုင်းမှာ သူဟာ အထက်တန်းကျောင်းသူဘဝမှာ နိုင်ငံရေး သိပ္ပံဘာသာရပ်ကိုယူပြီး နိုင်ငံရေး စိတ်ပါဝင်စားမှု တွင် ပြသခဲ့ပါတယ်။ ဗမာပြည်ရဲ့ လက်ရှိအနေအထား ဗမာပြည်မှာ ဘယ်လို၊ ဘာတွေ ဖြစ်နေတယ် ဆိုတာ သူ စိတ်ဝင်စားမှု ရှိခဲ့ပါတယ်။ ဗမာပြည်မှာ ဖြစ်ပျက်နေတာတွေကို သူလက်လှမ်းမီးသရွေ့ အမြဲလေ့လာနေတာကို သတိထားမိပါတယ်။ သူဟာ ငယ်ငယ်ကတည်းက အင်္ဂလိပ်စာကောင်းပြီး ဉာဏ်ရည်ထက်မြက်ကာ ဆန္ဒပြင်းပြသူဖြစ်ပါတယ်'

ဒေါက်တာစိန်ဝင်း ပြောသွားသကဲ့သို့ပင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၆၀ ပြည့်နှစ် မေလ ၁၉ ရက်နေ့တွင် မိခင်ဖြစ်သူ ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်နေ့မှစ၍ မိခင်နှင့်အတူ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ သို့ လိုက်ပါနေထိုင်ခဲ့သည်။

ထို့နောက် ၁၉၆၀ မှ ၁၉၆၀ အထိ ယေရှုနှင့် မေရီကွန်ဗင့်ကျောင်းနှင့် လေဒီရှယ်ရီရမ် ကောလိပ်တို့၌ ပညာသင်ကြားခဲ့သည်။ ကောလိပ်၌ ကျောင်းနေဖက်ဖြစ်ခဲ့သူ မနုဿ ဗေဒပညာရှင် ဒေါက်တာ မလာသီကာကာလီကာက ဒေါ်အောင်ဆန်းစုကြည်၏ ငယ်ဘဝကို ဤသို့ပြန်ပြောင်းပြောခဲ့သည်-

"မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ သူ့မေတ္တာကတော့ သိသာလှပါတယ်။ မိခင်ကိုယ်တိုင်က သူဟာ ဘယ်သူ့ရဲ့ သမီးဖြစ်တယ်ဆိုတာကို မမေ့ဖို့ အမြဲ တမ်း သတိပေးပုံတွေ နိုင်ငံကို အသက်ပေးပြီး တာဝန်ထမ်းဆောင်ခဲ့သူရဲ့ သမီးဖြစ်တယ်ဆိုတာကို အလေးအနက်ထားဖို့ ဆုံးမခဲ့ပုံတွေကို ဒေါ် အောင်ဆန်းစုကြည်က ပြောပြတတ်ပါတယ်"

သို့သော် နိုင်ငံတော်အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန် ဆောင်ရွက်ပေးလိုသော ဒေါ်အောင်ဆန်းစုကြည်ကို စစ်အာဏာရှင် နဝတအ အစိုးရက (၄၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ လူထုအင်အား ဖြင့် ချီတက်ဂါရဝပြု မည့်အစီအစဉ်ကို အကြောင်းပြု၍ ပထမဦးဆုံးအကြိမ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၁၀/ခ) ဖြစ် နေအိမ်တွင် အကျယ်ချုပ် ထိန်းသိမ်းထားလိုက်သည်။ နေအိမ်အကျယ်ချုပ်ဖြင့်

ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် သူသည်
အမည်စာရင်းတင်သွင်းခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်က ပယ်ဖျက်ခဲ့သည်။



သို့သော် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့၌ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ

အထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးတွင် မဲဆန္ဒနယ် ၄၈၅ နေရာအနက် ၃၉၂ နေရာ အနိုင်ရရှိခဲ့သော်လည်း ယနေ့တိုင် စစ်အစိုးရသည် အာဏာလွှဲပြောင်းခြင်း မပြုခဲ့ပေ။

နေအိမ်အကျယ်ချုပ်သက်တမ်းအတွင်း နော်ဝေးနိုင်ငံ အော်စလိုမြို့ရှိ နိဘာယ်ဆုချီးမြှင့်ရေးကော်မတီက ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိဘာယ်ဆုကို ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်ခဲ့ကြောင်း ၁၉၉၁ အောက်တိုဘာ ၁၄ တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ငြိမ်းချမ်းရေးနိဘာယ်ဆုသည် ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သော ဆုများ အနက် နိုင်ငံရေးဂုဏ်သိက္ခာ အမြင့်ဆုံးနှင့် ဆုကြေးငွေအများ ဆုံး ရရှိခဲ့သော ဆုတစ်ခုဖြစ်သည်။ ဆုချီးမြှင့် ရေးကော်မတီက-

"ဒေါ်အောင်ဆန်းစုကြည်၏ သတ္တိသည် အာရှနိုင်ငံများ ၏ အထူးအံ့သြဖွယ်၊ ချီးကျူး ဖွယ်ဥပမာများ ထဲမှ တစ်ခုဖြစ်ပါသည်။ သူသည် ဖိနှိပ်ချုပ်ချယ်ခြင်းမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသော အဓိကအရေးပါသည့် ပုံရိပ်တစ်ခုဖြစ်ပါသည်။ အခု ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိဘာယ်ဆုအား ဒေါ်အောင်ဆန်းစုကြည်သည် ဂန္ဒီနှင့် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ သြဇာတက္ကမကြီးမားလှသော သင်္ကေတ၏ အမှတ်အသားအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးကြိုး ပမ်းမှု ကာလအတွင်း လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ဤသို့သော သူရဲဘောကြောင်စွာ လုပ်ဆောင်ခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲမှ ဖယ်ရှားနိုင်မည်ဟု လုပ်ကြံသတ်ဖြတ် သူများ က ယူဆခဲ့ပါလျှင် တက်တက်ဆင်လွဲမှား မှု သာ ဖြစ်ပါလိမ့်မယ် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်သော မြန်မာပြည်သူတို့အတွက် စည်းလုံးညီညွတ်မှု ၏ သင်္ကေတဖြစ်လာပြီး လူ့အဖွဲ့အစည်း တိုးတက်စေရန် ကြိုး ပမ်းတိုက်ပွဲဝင်နေသူများ အား စိတ်ဓာတ်ခွန်အားဖြစ်စေမည့် အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်လာခဲ့ပါသည်။ ဤသို့ နမူနာထားစရာ စိတ်ဓာတ် ခွန်အားဖြစ်စရာ ဖြစ်သည့်အပြင် ပြည်သူလူထုနလုံးသားတွင် ဗိုလ်ချုပ်အောင်ဆန်း ရယူပိုင်ဆိုင်ထားသည့်နေရာကို ၄င်းကျဆုံးပြီး ၄၁ နှစ်အကြာတွင်

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးလောကသို့ စတင်ဝင်ရောက်ရန် ပြည်သူ့မေတ္တာကို ရရှိခဲ့ပါသည်။ သူသည် ဖခင်၏ အမွေကို ဆက်ခံခဲ့ပြီး ယခုအခါ သူကိုယ်တိုင် မြန်မာပြည်တွင်သာမက ဘဲ အာရှတိုက် တခွင်လုံးနှင့် အခြားကမ္ဘာ့နေရာအနှံ့အပြားတွင် အကြမ်းဖက်မှု ကို လက်ကိုင်ထားသော အာဏာရှင်တို့ကို တွန်းလှန်၍ လွတ်လပ်သော လူ့ဘောင်သစ် တည်ဆောက်ရန် သင်္ကေတဖြစ်လာပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်း၌ နိုင်ငံရေးအရ ဖိနှိပ်ခံနေရသဖြင့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို လက်ခံရန်အတွက် သူကိုယ်တိုင် မလာရောက်နိုင်သည်မှာ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်လည်း ဖြစ်မည်မထင်ပါ။ ဟစ်တလာ၏ တစ်ခုသော အကျဉ်းစခန်းတွင် ဖျားနာနေသူ ကားလ်ဗွန် အော်စီအက်စကီး (Carl von Ossietzky) သည် ၁၉၃၆ ခုနှစ်က ဆုလာမယူနိုင်ခဲ့ပါ။ အင်ဒရေဆာခါရော့ဗ် (Andrei Sakharov) နှင့် လက်ချ်ဘိုဝင်ဆာ (Lech Walesa) တို့သည်လည်း ထို့နည်းတူစွာ ပင် အဖြစ်မျိုးကြုံခဲ့ရပါသည်။ အော်စီအက်စကီးသည် နာဇီအစိုးရ ပြုတ်မကျမီ သေဆုံးသွားခဲ့ရပြီး ဆာခါရော့ဗ်နှင့် ဘိုဝင်ဆာတို့မှာ ၄င်းတို့၏ ကြိုးပမ်းမှု များ အောင်ပွဲခံသည်ကို မျက်မြင်ကိုယ်တွေ့ သွားခဲ့ရပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း သူကြိုး ပမ်းဆောင်ရွက်နေသော ဒီမိုကရေစီအရေးတော်ပုံကြီး အောင်ပွဲကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရလိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။



နိဂုံးချုပ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ဇွဲသတ္တိ၊ ရိုးသားနိမ့်ချမှု နှင့် ကြောက်ရွံ့ခြင်း ကင်းဝေးမှု ကိုပြုကြပါ။ ပို၍ နေချင်စဖွယ်ကောင်းသော ကမ္ဘာလောကကြီး ပေါ်ပေါက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်ဟု ဤ နေရာ၌ ဆိုခဲ့ပါရစေ" ဟူ၍ ပြောကြားသွားသည်။

ယခုအခါ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာမှ ချီးမြှင့်သော

ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ နှင့် ဆုတံဆိပ်ပေါင်း ၁၃၀ ခန့်ကို ရရှိပြီး ဖြစ်သည်။ ဆက်လက်၍ လည်း ဆုတံဆိပ် မြောက်မြားစွာ ချီးမြှင့်ခံရဦးမည် ဖြစ်သည်။

၁၉၉၅ ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ထိန်းသိမ်းထားခြင်းကို စစ်အစိုးရက ဖယ်ရှားပေးလိုက် သဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၆ နှစ်ကြာ ပုဒ်မအမျိုးမျိုးပြင် ဆင်ပြီး ထိန်းသိမ်းခံရသည့်အတွက် သူ၏ နိုင်ငံရေးအယူအဆများ မည်သို့ ပြောင်းလဲသွားသည်ကို သိလိုလှသဖြင့် ပြည်ပ အကြီးတန်းသတင်းထောက် ဘာလ်ဂါကင်းက ရန်ကုန်မြို့ တော်ရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် သူ့အား မေးမြန်းခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က-

"အကျဉ်းထောင်တွင်ထဲမှာ ပုံစံအမျိုးမျိုးနဲ့ ဖိနှိပ်ညှဉ်းပမ်းနေမှု တွေကို နှစ်ရှည်ခံနေရတဲ့အတွက် နိုင်ငံရေးအကျဉ်းသားတွေဟာ ပိုမိုရင့်ကျက်ပြင်းထန် လာတဲ့ နိုင်ငံရေးခံယူချက်တွေ ခိုင်မာပြတ်သားလာပြီး နိုင်ငံရေးဆန်လာကြ ပါသည်။ ကျမကိုယ်တိုင်လည်း နေအိမ်မှာ ထိန်းသိမ်းခံရချိန်မှာ အရင်က ထက်ပိုပြီး နိုင်ငံရေးဘက် တိမ်းညွတ်လာခဲ့ပါသည်။ ကျမ ဘဝဟာ နိုင်ငံရေးအတွက်ကြောင့် အသက်ရှည်နေရတယ်လို့ ခံစားခဲ့ရပါတယ်။ ကျမ ဟာ နိုင်ငံရေးကြောင့် အထိန်းသိမ်းခံရတာ မို့ နိုင်ငံရေးဟာ ကျမဘဝ တစ်ခု ဖြစ်လာခဲ့ရပါပြီ။ ဒါကြောင့်မို့ နိုင်ငံရေးအကြောင်းပဲ နေ့စဉ်စဉ်းစား နေမိပါတယ်။ ပီပြင်တဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်အောင် ကြိုး စားရမယ်ဆိုတဲ့ အချက်ကိုလည်း နားလည်သဘောပေါက်ခဲ့ရပါတယ်"

ဤသို့ဆိုလျှင် လွတ်လပ်ခြင်း၏ အနက်အဓိပ္ပာယ်ကိုရော မည်သို့ သဘောထားပါသလဲဟု ၎င်းက ဆက်လက်မေးမြန်းသောအခါ ဒေါ်အောင်ဆန်းစုကြည်က အောက်ပါအတိုင်း ပြန်လည် ဖြေကြားသွားသည်-

"လွတ်လပ်ခြင်းရဲ့ အနက်အဓိပ္ပာယ်ဟာ ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်းပဲလို့ ကျမ အမြဲတမ်း ပြောလေ့ရှိပါတယ်။ ကျမကို ကျမ အကျဉ်း သားတစ်ဦးလို့ မမြင်တာကတော့ ကျမဟာ အကြောက်တရားကနေ ကင်း ဝေးနေလို့ပါပဲ။ အပြင်ဘက်မှာ လွတ်လွတ်လပ်လပ် သွားလာနေကြတဲ့ လူတွေတောင် ပတ်ဝန်းကျင်အခြေအနေတစ်ခုခုကြောင့်

ကြောက်ရွံ့နေရတယ် ဆိုရင် ကျမလောက်တောင် လွတ်လပ်မှု ရရှိမယ်လို့ မထင်ပါဘူး။ ဒါ့ကြောင့်မို့ တစ်စုံတစ်ခုကို စိုးရွံ့ကြောက်လန့်ရမယ်ဆိုရင် ဂုဏ်သိက္ခာရှိရှိနေရတဲ့ လူ့ဘဝ ကို ဒီတစ်သက်ရတော့မှာ မဟုတ်ပါဘူး။ ဟိုလူ့ကြောက်ရ ဒီလူ့ကြောက်ရ ဒီလိုများ ပြောမှာ းဆိုမှာ း ရှိသွားလို့ရှိရင် ကိုယ့်မိသားစုပဲ ဒုက္ခရောက်နေမလား ကိုယ်ပဲ ဒုက္ခရောက်လေမလားဆိုတဲ့ ဒုက္ခတွေပင်လယ်ဝေနေသမျှလူသား တစ်ဦးရဲ့ လွတ်လပ်ခွင့် အခွင့်အရေးဟာ ဆုံးရှုံးနေဦးမှာ ပဲ။ ကျမကိုယ်တိုင် လည်း ဒီလိုအဖြစ်မျိုးနဲ့ မကြုံချင်သလို မြန်မာပြည်သူတွေကိုလည်း မတွေ့ ကြုံစေချင်ပါဘူး''

ဒေါ်အောင်ဆန်းစုကြည်၏ လွတ်လပ်ခြင်း၏ အနက်အဓိပ္ပာယ်သည် ကြောက်ရွံ့ ခြင်းမှ ကင်းဝေးခြင်းပေဖြစ်သည်ဟု ပြောသွားခြင်းပင်ဖြစ်ပါ သည်။ စင်စစ် မြန်မာ့နိုင်ငံရေးလောက၌ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးလှုပ်ရှားနေသည်ဆိုတော့လည်း အကန့်အသတ်နဲ့သာဖြစ်၍ လွတ်လပ် မှု အပြည့်အဝ မရခဲ့ပေ။ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ် ဆီးကျိတ်ကင်ဆာ ခံစားရနေချိန်၌ လည်း ခင်ပွန်းသည်ရှိရာ အောက်ဖို့ဒ်သို့ သူ ပြန်မသွားနိုင်ခဲ့ ချေ။ စစ်အစိုးရက သူ့အား ပြန်ခွင့်ပြုသော်လည်း မြန်မာနိုင်ငံကို ပြန်လာခွင့် ပြုမည် မပြုမည်မှာ မသေချာ၍ သူ မသွားခဲ့ချေ။ စစ်အစိုးရသည် ဘယ်သောအခါမှ ယုံကြည်ရသည့် လူတန်းစား မဟုတ်ပေ။ ပြည်သူ့အရေး နှင့် မိမိအရေး နှစ်ခုအနက် ပြည်သူ့အရေးကိုသာ သူသည် ဦးထိပ်ထား ခဲ့သည်။ ထို့ကြောင့် ၁၉၉၉ မတ်လ ၂၇ ရက်နေ့တွင် ခင်ပွန်းဖြစ်သူသေဆုံး သွားချိန်မှ ၂၀၁၁ ခုနှစ်အထိ ယနေ့တိုင် အောက်စဖို့ဒ်ကို သူ မရောက်ဖြစ် တော့ချေ။ ယင်းကိစ္စနဲ့ပတ်သက်၍ အောက်စဖို့ဒ်တက္ကသိုလ် စိန့်ဟူးချ်ကောလိပ်တွင် ကျောင်းအတူတက်ခဲ့ဖူးသော ယနေ့ အင်္ဂလိပ်စာပါမောက္ခ ဖြစ်နေသော ဒေါက်တာ အင်န်ဘားစမတ်လေတာက သူ့အမြင်ကို ဤသို့ ဖွင့်ဟခဲ့သည်-

''ကျွန်မ ယူဆတာကတော့ အောက်စဖို့ဒ်ကို ထွက်လာပြီးရင် ဗမာပြည်ကို ပြန်ဝင်လာလို့မရမှာ ကို စိုးရိမ်လို့ဖြစ်ပါလိမ့်မယ်။ တကယ်တော့ ဒီအချိန်ဟာ ဘဝလက်တွဲ ဖော်အတွက် ရင်ထဲမှာ ဆို့နင့်အောင်ခံစားရတဲ့ ဝေခွဲမရတဲ့ ကြေကွဲစရာအတိတွေ

ပြည့်နေခဲ့တဲ့ကာလပါပဲ။ သူ့အနေနဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ဦးစားပေးမလား၊ ဗမာပြည်သူတွေကို ပစ်ထားခဲ့ မလားဆိုတဲ့ အနေအထားမှာ ချိန်ဆနေရတဲ့ အချိန်ပါပဲ။ ဒါပေမဲ့ သူပြတ်ပြတ် သားသားပဲ သူ့ပုဂ္ဂလအရေးထက် လူထုအရေးကိုပဲ ကိုယ်ကျိုးစွန့် အနစ်နာခံ ပြီး ရွေးချယ်လိုက်တာမို့ သူဟာ လူထုခေါင်းဆောင်အစစ် ဖြစ်သွားတယ်လို့ ကျွန်မကတော့ သုံးသပ်မိပါတယ်"

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဝေဖန်မှု များ အမျိုးမျိုးပေါ်ထွက်လာခဲ့ သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အောက်ပါအတိုင်း ပြန်ပြောင်းပြောသည်-

"ကျမလည်း ဒီအတိုင်းပဲခံစားခဲ့ရပါတယ်။ အထူးသဖြင့် သားနှစ်ယောက်အတွက်ပါ။ ခင်ပွန်းသည်အတွက်တော့ မပူလှပါဘူး။ သူဟာ လူကြီးတစ်ယောက်ဖြစ်နေပြီမို့ သူ့ကိုယ်သူ ဂရုစိုက်နိုင်ပါတယ်။ သားနှစ်ယောက်စလုံးဟာ အသက်ငယ်သေးတဲ့အပြင် သားငယ်ဆိုရင် ကျမကို နေအိမ်စပြီး ထိန်းသိမ်းခံရတုန်းက ၁၂ နှစ်သားပဲ ရှိပါသေးတယ်။ အမှန်ကို ပြောရရင်တော့ သူတို့အကြောင်းကို မတွေးမိအောင်နေခဲ့ပါတယ်။ အဲ့ဒီလို မေ့ထားမှလည်း စိတ်သက်သာရခဲ့ပါတယ်။ တွေးလို့လည်း ကိုယ်က အထိန်းသိမ်းခံဘဝမို့ ဘာမှမလုပ်ပေးနိုင်ပါဘူး။ သူတို့ကို ဖခင်က ကောင်းကောင်း စောင့်ရှောက်နိုင်မှာ ပဲလို့ သဘောထားလိုက်ပါတယ်။ ရင်ထဲမှာ တော့ ဗလာအသည်းနှင့် စက်ရုပ်လူသားမှ မဟုတ်တာ။ ဘယ်ချိုပ့်မလဲ ရှင်"

ဤသို့ ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်ခိုင်မာပြတ်သားမှု ကို ကွယ်လွန်သူ ဒေါက်တာ မိုက်ကယ်အဲရစ်ကိုယ်တိုင်လည်း ကောင်းစွာ သဘောပေါက်နားလည်ခဲ့ပါသည်။ မိုက်ကယ်က သူ မကွယ်လွန်ခင်က ဤသို့ ပြောပြခဲ့သည်-



"တစ်ယောက်နဲ့တစ်ယောက် လက်မထပ်ခင် လွန်ခဲ့တဲ့ ၁၈ နှစ် ကတည်းက မြန်မာနိုင်ငံနဲ့ ပတ်သက်ရင် ဘယ်တော့မှ ဝင်မစွက်ပါဘူးလို့ ကျွန်တော့်ဇနီးကို ကတိပေးခဲ့ပါတယ်။ အဲ့ဒီအတွက် သူ့နိုင်ငံသားတွေအတွက် လိုအင်ဆန္ဒ ဖြည့်ဆည်းရေးအပိုင်းမှာ တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရာမှာ ကျွန်တော် လုံးဝ အတားအဆီးမပြုလိုခဲ့ပါဘူး။ ကျွန်တော့်လိုပဲ သူ့စိတ်ဓာတ် ကို နားလည်ခဲ့သူအားလုံးဟာ သူ့နိုင်ငံအပေါ် သံယောဇဉ်ကြီးမားမှု ကို ဝင်ရောက်နှောက်ယှက်မှု မှန်သမျှဟာ မအောင်မြင်နိုင်ဘူးဆိုသည့်အချက်ကို သိထားသင့်ကြပါတယ်"

ဤသို့ မိုက်ကယ်အဲရစ်သည် ဇနီးသည်ကို ပေးထားခဲ့သည့် ကတိကို သေသည်အထိ သစ္စာရှိစွာ စောင့်ထိန်းသွားခဲ့လေသည်။

*